# ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်တင့်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၂

ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်တင့်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများအား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် (I-7) အပေါ်ထပ်၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေကြေးမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းများနှင့် ငွေကြေးကဏ္ဍအခြေအနေများနှင့်ပတ်သက်ပြီး ဒစ်ဂျစ်တယ်ငွေပေးချေမှု၊ ငွေကြေးဖောင်းပွမှုနှင့် ဈေးငွေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေစီမံခြင်းနှင့် ငွေလဲနှုန်းဆိုင်ရာကိစ္စရပ်များ၊ တည်ငြိမ်သောငွေကြေးစနစ်နှင့် ဘဏ်များအားကြီးကြပ်ခြင်း ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား တင်ပြဆွေးနွေး၍ ကော်မတီအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး သိရှိနိုင်လိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။